# အားလုံးလုပ်ပေးနိုင်တဲ့ software များ

ဓာတ်ပုံတွေပြင်ဆင်တာ ၊ ငွေကြေးကိစ္စတွေ တစ်စုတစ်စည်းတည်း ဆောင်ရွက်တာ၊ computer ကို remote access လုပ်တာ စတာတွေလို လုပ်ငန်းဆောင်တာတွေအပြင် တခြားလုပ်ဆောင်ချက်များစွာကို လုပ်နိုင်ဖို့ မရှိမဖြစ်တဲ့ software package တွေ၊ web app တွေကို ဖော်ပြပေးချင်ပါတယ်။ »




PDF

Computer ဆိုတာက အဲဒီအပေါ် မှာ ကိုယ် run ထားတဲ့ software တွေကြောင့် အသုံးဝင်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့် PC ရဲ့ software တွေကို လက်ရှိ နောက်ဆုံးပေါ် တွေ ဖြစ်အောင် ထားသင့်ပါတယ်။ တစ်ခါတစ်ရံမှာတော့ app အသစ်တစ်ခုဟာ ကိုယ့်ရဲ့အလုပ်တွေကို ပိုမို အရှိန်မြှင့်တင်ပေးနိုင်ပြီး ကိုယ့်ရဲ့ system ကိုလည်း ပိုပြီး စွမ်းဆောင်ရည်အားကောင်းစေပါတယ်။

PCWorld က PC ရဲ့ ပုံမှန်အလုပ်အမျိုးအစား ၁၁ ခုကို ထိန်းကွပ်နိုင်ဖို့အတွက် software tool တွေကို စမ်းစစ်ခဲ့ပါတယ်။ အဲဒီအလုပ်တွေကတော့ presentation ၊ financial planning ၊ note taking ၊ file management ၊ photo editing ၊ email ၊ work processing ၊ music organizing ၊ remote access ၊ cleanup/optimization နဲ့ backup တို့ပဲ ဖြစ်ပါတယ်။ ဥပမာတစ်ခုချင်းစီမှာ ထင်ရှားတဲ့ program တွေ၊ online alternation တွေ သတ်မှတ်ထားပါတယ်။ ဒီအမျိုးအစားတွေကနေ ကောင်းချက်တွေနဲ့ ဆိုးချက်တွေကိုလည်း ကိုယ်တိုင် စဉ်းစားကြည့်စေချင်ပါတယ်။ လက်ရှိ ရှိနေတဲ့အမျိုးအစား၊ အနာဂတ်မှာ အောင်မြင်လာနိုင်မယ့်အမျိုးအစားနဲ့ web app ဆိုပြီး ခွဲခြားထားပါတယ်။

# Presentations

**လက်ရှိ : Microsoft PowerPoint**

Presentation နဲ့ဆိုင်တဲ့လောကအတွက် ပေါင် ၆၀၀ ရှိတဲ့ ဂေါ်ရီလာကြီးကတော့ Microsoft ရဲ့ PowerPoint ပဲ ဖြစ်ပါတယ်။ (Microsoft Office နဲ့တွဲရနိုင်သလို သီးခြားစီလည်း ရနိုင်ပါတယ်။ ဒေါ်လာ ၁၄၀) ဒီ app ဟာ "Send me the PowerPoint" ဆိုတဲ့ စကားစုလေးက စီးပွားရေးစက်ဝန်းမှာ ပျံ့နှံ့သွားရတဲ့အထိ ထင်ရှားပါတယ်။

**အောင်မြင်လာနိုင်တာ : Prezi**

PowerPoint နဲ့ အပြောင်းအလဲလေးထဲမှာ စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်ပါတယ်။ Prezi မှာတော့ local ရော online component ပါ ၂ ခုစလုံး ရှိပါတယ်။ အခမဲ့နဲ့ public (web.) version ကနေ PowerPoint က ပေးနိုင်တာထက် ပိုကောင်းတဲ့ presentation တွေကို ဖန်တီးလို့ရမှာဖြစ်ပါတယ်။ Slide-based အစား Prezi က single-pane ပုံစံကိုပဲ သုံးထားပါတယ်။ လုပ်ပုံလုပ်နည်းအဆင့်ဆင့်က အစပိုင်းမှာတော့ ထူးဆန်းနေနိုင်ပါတယ်။ ဒါပေမဲ့ Prezi ရဲ့ tutorial တွေနဲ့ inline help တွေကနေ မြန်ဆန်အောင် ကူညီပေးမှာပါ။ ဒါကြောင့် multiple user တွေက Prezi meeting ကတစ်ဆင့် presentation တစ်ခုတည်းကို တစ်ဆက်တည်း သုံးပြီး အလုပ်လုပ်နိုင်ပါတယ်။ Presentation လုပ်တဲ့အချိန်မှာ show တွေကို online (flash-based) မှာဖွင့်နိုင်ပြီး .zip file တွေကို download ယူနိုင်၊ extract လုပ်နိုင်ပါတယ်။ ပါဝင်တဲ့ Prezi.exe file ကို သုံးပြီးတော့ local မှာ play လုပ်နိုင်ပါတယ်။ Prezi (တစ်နှစ် ၅၉ ဒေါ်လာ) ရဲ့ pro version ကို sign up လုပ်ပြီးတဲ့အခါမှာ Prezi desktop ကို download လုပ်လို့ရပါပြီ။ Presentation တွေကိုလည်း local မှာ လုပ်နိုင်ပါတယ်။
*find.pcworld.com/72514*

**Web app : TransMedia Glide Presenter**

Browser အခြေခံထားတဲ့ Glide desktop operating system (သိုလှောင်နိုင်မှု 30GB အတွက် အခမဲ့၊ 250GB အတွက် တစ်နှစ်စာ ဒေါ်လာ ၅၀) ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ Glide presenter ဟာ slide-by-slide format နဲ့ အလုပ်လုပ်ပါတယ်။ အသုံးပြုရတာလွယ်ကူပြီး ကိုယ့်ရဲ့ creation တွေကို PowerPoint file တွေ၊ ဒါမှမဟုတ် PDF file တွေအနေနဲ့ export လုပ်နိုင်ပါတယ်။ Presentation တွေမှာ audio နဲ့ video ကို stream လုပ်နိုင်ပြီး တခြားသူတွေနဲ့လည်း စုပေါင်းဖန်တီးနိုင်ပါတယ်။
*find.pcworld.com/58926*

# Financial Planning

**လက်ရှိ : Intuit Quicken and Intuit Mint**

Quicken (ဒေါ်လာ ၃၀) က desktop software ဖြစ်ပြီး Mint က

Prezi ရဲ့ single pane ပုံစံက presentation တွေကို ပြသလုပ်နေတဲ့အခါမှာ အထားမကျဖြစ်နိုင်ပေမယ့် ပြီးသွားတဲ့အခါမှာတော့ သိသိသာသာကို ကြည့်ကောင်းတဲ့ presentation ကို ရရှိနိုင်မှာဖြစ်ပါတယ်






Hello Wallet က အခမဲ့ဖြစ်ပြီး ကိုယ်ဖြစ်ချင်တဲ့ goal နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အသုံးစရိတ်ကို track & rate လုပ်ပေးနိုင်တဲ့ financial planning app ဖြစ်ပါတယ်

အခမဲ့ရတဲ့ web-based service ဖြစ်ပါတယ်။ ၂ ခုစလုံးကတော့ တွက်ချက်တဲ့ resource တွေဖြစ်ပြီး Intuit ဆိုတဲ့ ကုမ္ပဏီတစ်ခုတည်းက လာတာ ဖြစ်ပါတယ်။ *find.pcworld.com/72515* နဲ့ *mint.com*

**အောင်မြင်လာတာ : You Need A Budget**

တစ်ပိုင်းက budgeting tutorial ဖြစ်ပြီး တစ်ပိုင်းကတော့ ငွေကြေးစီမံကွပ်ကဲရေးလမ်းညွှန် ဖြစ်ပါတယ်။ ဒီ program က setup လုပ်တာ၊ ရန်ပုံငွေရှာတာကနေ စလုပ်ပြီး သုံးစွဲမယ့် project နဲ့ account တွေကို ထပ်ထည့်ပေးပါတယ်။ YNAB ဟာ ငွေကြေးသုံးစွဲမှု အတွက် tab အနေနဲ့ ထားထားပြီး ဒီလတွေမှာ ဘယ်လောက်သုံးတယ်၊ အသားတင်ဘယ်လောက်တိုးလာလဲဆိုတာ သရုပ်ဖော်တဲ့ graph တွေနဲ့ ပြထားပါတယ်။

**Web app : Hello Wallet**

ကိုယ့်ရဲ့စာရင်းစာအုပ်ကို စာရင်းကိုက်ဖို့ လိုနေပေမယ့် ဘယ်လောက်ရပြီး ဘာတွေ သုံးထားတယ်ဆိုတာကို မှတ်ဖို့ ခက်ခဲနေတယ်ဆိုရင် Hello Wallet ကို သုံးကြည့်နိုင်ပါတယ်။ ဒီ အခမဲ့ရနိုင်တဲ့ app ဟာ ကိုယ့်ရဲ့ online account တွေကို sync လုပ်ပြီး ကိုယ့်အသုံးစရိတ်ကို 'wish I hadn't'၊ 'glad I did'၊ 'had to' ဆိုသလိုမျိုးတွေလို ခွဲခြားသတ်မှတ်နိုင်စေပါလိမ့်မယ်။ ဒါကြောင့် အနာဂတ်မှာ အသုံးအစွဲကို စိစစ်နိုင်မှာပါ။
*find.pcworld.com/72517*

# Note Taking

**လက်ရှိ : Evernote**

မှတ်စုထုတ်တာ၊ မှတ်စုတွေ ချိန်ညှိတာ၊ offline မှာ bookmark တွေပြုလုပ်တာတို့အပြင် သတင်းအချက်အလက်တွေ စုစည်းတာတို့အတွက် multipurpose tool တစ်ခုဖြစ်တဲ့ အခမဲ့ရတဲ့ Evernote က အဆင်ပြေစေပါလိမ့်မယ်။ သူ့ရဲ့ နောက်ဆုံးထုတ် iOS app တွေဖြစ်တဲ့ EvernoteHello နဲ့ EvernoteFood တို့က ကိုယ်တွေ့ခဲ့တဲ့လူတွေ၊ စားခဲ့တဲ့ အစားအသောက်တွေကို record လုပ်ပေးထားမှာဖြစ်ပါတယ်။
*find.pcworld.com/49087*

**အောင်မြင်လာတာ : Microsoft OneNote**

Microsoft ရဲ့ မှတ်စုထုတ်တဲ့ program ကို Microsoft Office package တိုင်းမှာ ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ သူ့ချည်းပဲဆိုရင်တော့ ဒေါ်လာ ၈၀ လောက်တန်ဖိုးရှိပါတယ်။ Office 2010 suite မှာဆိုရင်တော့ အလွယ်တကူ မျက်စိလျှမ်းသွားနိုင်ဆုံး program တစ်ခုပါ။ တစ်ခုဆိုးတာကတော့ ဒီ notepad လေးက ကိုယ့်ရဲ့အတွေးတွေကို အလွယ်တကူပဲ ဖမ်းယူနိုင်သွားတာဖြစ်ပါတယ်။ <Windows> နဲ့ S ကို တွဲနှိပ်ပြီး computer ရဲ့ ဘယ် screen အစိတ်အပိုင်းကိုမဆို ဖမ်းယူနိုင်ပြီး notebook ထဲကို drop လုပ်နိုင်ပါတယ်။ Web clipping တွေပြုလုပ်ဖို့တော့ အကောင်းဆုံးပါပဲ။ Notebook ထဲမှာ ဘယ်နေရာကိုမဆို click လုပ်ပြီး စာရိုက်နိုင်ပါတယ်။ ဒါကြောင့် ပိုပြီးတော့ မြင်သာထင်သာရှိပါတယ်။
*find.pcworld.com/72545*

**Web app : Springpad**

တစ်ချို့က online မှာ မှတ်စုထုတ်တာက sync လုပ်ရ မြန်တာကြောင့် ပိုကောင်းတယ်လို့ ထင်ကြပါတယ်။ ပြီးတော့ ကိုယ့်စက်ရဲ့ storage ကိုလည်း မသုံးတဲ့အပြင် share လို့လွယ်တာကြောင့်လည်း ပါပါတယ်။ ဒီလိုတွေလုပ်ဖို့ အကောင်းဆုံးတစ်ခုကတော့ အခမဲ့ web service တစ်ခုဖြစ်တဲ့ Springpad ပဲဖြစ်ပါတယ်။ သူက Dropbox နဲ့ဆင်တူတဲ့ ဒါပေမဲ့ notebook နဲ့ to-do list function ပါဝင်တဲ့ stuff box ဆီကို note တွေသာမက ဓာတ်ပုံတွေ၊ video တွေ၊ link တွေနဲ့ file တွေကိုပါ ထည့်လို့ရစေမယ့် web service နဲ့ mobile app ဖြစ်ပါတယ်။ ပြီးတော့ Springpad သုံးနေတဲ့ ကိုယ့် သူငယ်ချင်းရဲ့ lock မလုပ်ထားတဲ့ file တွေကိုလည်း ကြည့်လို့ရစေတာကြောင့် video တွေ share တာနဲ့ အတူတွဲလုပ်ရမယ့် list တွေ ဖန်တီးတာတို့ကို လွယ်ကူစေမှာဖြစ်ပါတယ်။
*find.pcworld.com/72518*

# File Management

**လက်ရှိ : Microsoft Windows Explorer**

ဒီ file management utility က Windows PC တိုင်းမှာ ပါလာပြီးသားဖြစ်တာကြောင့် လက်ခံနိုင်လောက်တဲ့ စွမ်းဆောင်ရည်ရှိပေမယ့် အများစု




Browser window တစ်ခုတည်းမှာပဲ အလုပ်လုပ်တာဖြစ်ပေမယ့် Pixlr က ကောင်းမွန်နိုင်မတဲ့ photo editing tool တွေကို ထည့်သွင်းပေးထားတာ ဖြစ်ပါတယ်

သိပ်သတိမထားမိတတ်ကြပါဘူး။ ပုံမှန်ဆိုရင်တော့ စက်အတွင်းက file တွေ ရှာတာမျိုးလောက်အတွက် လျှင်လျှင်မြန်မြန် load လုပ်နိုင်စေမှာဖြစ်ပါတယ်။ Network ထဲက file တွေရှာရင် ကြာတာမျိုးကိုတော့ ထည့်ပြောလို့မရနိုင်ပါဘူး။ ဒါက တစ်ကဏ္ဍဖြစ်ပါတယ်။ Windows 7 မှာဆိုရင် file တစ်ခုပေါ်ကို right-click ထောက်လိုက်ရင် ကိုယ့်စက်ထဲ ထည့်ထားတယ်ဆိုတဲ့အပေါ် မူတည်ကာ လုပ်ဆောင်ချက်တွေ အများကြီး လုပ်ခွင့်ပေးထားတာကိုတွေ့ရမှာပါ။ ခြုံပြောရရင် Windows Explorer က သုံးရလွယ်ကူပြီး အလိုလို သုံးတတ်သွားနိုင်ပေမယ့် သူက လူတိုင်းအတွက်တော့ မဟုတ်ပြန်ပါဘူး။

**အောင်မြင်လာနိုင်တာ : CodePlex Better Explorer**

OpenSource software community တစ်ခုဖြစ်တဲ့ CodePlex က ထုတ်ထားတဲ့ Better Explorer (BExplorer) က Windows 8 က Windows Explorer နဲ့ ဆင်တူပြီး အဲဒီလိုပဲ လုပ်ဆောင်ပေးတာဖြစ်ပါတယ်။ တစ်ခုပဲ BExplorer က Windows 7 မှာလည်း သုံးလို့ရနိုင်တာပဲဖြစ်ပါတယ်။ File-finder window ရဲ့ ထိပ်မှာ Microsoft Word ရဲ့ အသစ်ဆုံး layout ရဲ့ ထိပ်မှာပါတဲ့ ribbon လိုမျိုး တစ်ခုလည်းပါဝင်ပါတယ်။ file တွေကို စီတာ၊ copy ကူးတာ၊ ရွှေ့ပြောင်းတာ၊ ဖျက်ပစ်တာ စတာတွေကို အလွယ်တကူ လုပ်ပေးနိုင်တဲ့အတွက် သဘောကျပါလိမ့်မယ်။ အခမဲ့ရတဲ့ tool မှာတော့ right click လုပ်လို့မရတဲ့ device (tablet လိုမျိုး) ကို သုံးတဲ့အခါ file ရဲ့ properties ကိုသုံးဖို့ button တစ်ခု ပါရှိပါတယ်။ အကောင်းဆုံးကတော့ Windows ရဲ့အပေါ်ဘက်မှာ folder တွေကို tab တွေနဲ့ ကြည့်နိုင်ပါတယ်။ ဒါကြောင့် ပျောက်သွားတာမျိုးမရှိဘဲနဲ့ ချက်ချင်းပဲ multiple folder တွေကို မြင်နိုင်ပါတယ်။
*find.pcworld.com/72519*

## Photo Editing

**လက်ရှိ : Adobe Photoshop**

ဓာတ်ပုံပြင်ဆင်ခြင်းအတွက် အဆင့်မြင့်တဲ့ Photoshop (ဒေါ်လာ ၇၀၀) ဟာ အဆင့်တစ်ခုအနေနဲ့ ကျန်နေပါတယ်။ ယင်းမှာ tool တွေ၊ plug-in တွေသာမက ထပ်ခါလုပ်ရတဲ့အလုပ်တွေကို အလိုအလျောက် လုပ်ဖို့ unparallel စွမ်းရည် ပါဝင်ပါတယ်။ Free ရတဲ့ နောက်ထပ် အပြောင်းအလဲတစ်ခုကတော့ GIMP(GNU Image Manipulation Program) ဖြစ်ပါတယ်။ *find.pcworld.com/69979* (Photoshop) ၊ *find.pcworld.com/70852* (GIMP)

**အောင်မြင်လာနိုင်တာ : CyberLink PhotoDirector**

CyberLink က သူ့ရဲ့ video-editing နဲ့ disc-burning software တွေကြောင့် နာမည်အကျော်ဆုံး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ PhotoDirector လို့ခေါ်တဲ့ photo editing program မှာ သူ့ရဲ့နည်းပညာတွေကို ထည့်ထားပါတယ်။

ဒီ program က import လုပ်နိုင်တဲ့စွမ်းရည်တွေနဲ့ librarian ၊ editor နဲ့ slideshow creator တွေ ပေါင်းထားတာ ဖြစ်ပါတယ်။ Photo-Director ရဲ့ စွမ်းအားပြည့်ဝတဲ့ edit လုပ်တာတွေနဲ့ control တွေက အသုံးပြုရလွယ်ကူပါတယ်။ Main Window ရဲ့ ဘယ်ဘက်မှာ scrolling pane တွေ့ရနိုင်ပါတယ်။ Setting တွေကိုသုံးဖို့ dialog box တွေ၊ Windows တွေနဲ့ pane တွေ မသုံးနိုင်အောင်ဖွင့်နေရတဲ့ program တွေနဲ့ နှိုင်းယှဉ်တဲ့အခါမှာ သုံးရတာ ပျော်ရွှင်စရာကောင်းပါတယ်။ PhotoDiretor က ဖန်တီးမှုတွေလုပ်ချင်တဲ့ user တွေအတွက် preset တွေ အများကြီး ပေးထားပါတယ်။

ကုမ္ပဏီရဲ့ online director zone က ဒီလို preset တွေကို share လုပ်ခွင့်ရှိပြီး တခြားသူတွေလုပ်ထားတဲ့ preset တွေလည်း ရှာဖွေနိုင်ပါတယ်။ Program ကနေပဲ flickr ပေါ် ဓာတ်ပုံတွေ တင်နိုင်သလို YouTube ပေါ်ကိုလည်း slideshow တွေ တင်နိုင်ပါတယ်။ ၆၅ ဒေါ်လာရှိတဲ့ PhotoDirector ဟာ low end ပြိုင်ဘက်တွေနဲ့ဆိုရင် နည်းနည်းဈေးပိုနေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ interface နဲ့ အလုပ်လုပ်ရတာ သက်သာတာကလည်း ဈေးနှုန်းအတွက် ပေးသင့်ပေးထိုက်ပါတယ်။ *find.pcworld.com/72370*

**Web app : Pixlr**

Free Pixlr က Photoshop ရဲ့ superclean online version ဖြစ်ပါတယ်။ Browser Windows မှာ အလုပ်လုပ်တယ်လို့ စဉ်းစားတဲ့အခါမှာ software က အံ့သြစရာကောင်းလောက်အောင် robust ဖြစ်ပါတယ်။ Pixlr ရဲ့ အမျိုးမျိုးသော tool တွေက artist ပုံစံမျိုး ရှိပါတယ်။ ဥပမာ– pencil tool က pencil ရဲ့ tip တွေသုံးပြီး အလုပ်လုပ်ကာ အကောင်းဆုံး filter တွေ ပါဝင်ပါတယ်။ ပထမဆုံး စွဲမက်စရာကတော့ 'တကယ်ပဲ အခမဲ့ရတာလား' ဆိုတာပဲ ဖြစ်ပါတယ်။ *find.pcworld.com/63025*

# Email

**လက်ရှိ : Microsoft Outlook**

Microsoft Exchange နဲ့ integrated calendaring function အတွက် Outlook (Microsoft Office နဲ့ တွဲဖက်ပါဝင်တတ်ပြီး သီးခြားဆိုရင် ဒေါ်လာ ၁၄၀) ရဲ့ business email ဈေးကွက်မှာ လွှမ်းမိုးမှုရှိပါတယ်။ Mozilla Thunderbird က အခမဲ့ download ယူလို့ရတဲ့ အပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ Exchange support မလုပ်ပေမယ့် multiple account တွေကို ထိန်းကွပ်နိုင်ပါတယ်။ *find.pcworld.com/72544* (Outlook) ၊ *find.pcworld.com/72613* (Thunderbird)

**အောင်မြင်လာနိုင်တာ : eM Client**

IMAP နဲ့ POP account တွေကိုပဲ support လုပ်ပေမယ့်လည်း eM Client က Outlook ရဲ့ virtual clone လို့ တင်စားလို့ရပါတယ်။ Multiple account တွေကို ထိန်းချုပ်နိုင်တာအပြင် eM က junk-mail control ၊ task management ၊ calendaring function နဲ့ contact management တွေကိုလည်း လုပ်ဆောင်ပေးပါတယ်။ Outlook ကနေ data ကို import လုပ်ပေးနိုင်ပြီး gmail နဲ့ sync လုပ်နိုင်ပါတယ်။ ဒါ့ပြင် eM Client ဟာ facebook နဲ့ skype အပါအဝင် instant message တွေနဲ့လည်း အလုပ်လုပ်နိုင်ပါတယ်။ Exchange ပိုင်းမှာဆိုရင် eM Client ဟာ သူ့ရဲ့ ကိုယ်ပိုင် Sync2eM service ကို မိုခိုထားပါတယ်။ ဒီ service ကလည်း exchange လိုပဲ အလုပ်လုပ်ပါတယ်။ တစ်နှစ်စာ ဒေါ်လာ ၅၀ ဖြစ်ပြီး Android ၊ iOS နဲ့ Windows7 phone တွေ အတွက် client တွေနဲ့ hosted exchange ထက် ဈေးသက်သာပါတယ်။ လုပ်ငန်းသုံး မဟုတ်တာတွေ အတွက်ကတော့ eM Client က အခမဲ့ရပါတယ်။ ဒေါ်လာ ၅၀ pro version မဝယ်ဘူးဆိုရင် account ၂ ခုပဲ ရနိုင်မှာ ဖြစ်ပါတယ်။ *find.pcoworld.com/72520*

**Web app : Google Gmail**

အခမဲ့ရတဲ့ gmail ကတော့ internet သုံးလို့ရတဲ့ ဘယ် device က မဆို စာတွေရေးနိုင်၊ ဖတ်နိုင်၊ စုစည်းမှုတွေလုပ်နိုင်ပါတယ်။ Google account ဟာ calendar နဲ့ chat function လည်း ပါဝင်သလို document တွေကို share လုပ်နိုင်၊ ပူးပေါင်းလုပ်နိုင်တဲ့ Google docs လည်း သုံးနိုင်ပါတယ်။ *find.pcworld.com/56637*

# Word Processing

**လက်ရှိ : Microsoft Word**

အသုံးအများဆုံးသော word processing software ဖြစ်တဲ့ word (Microsoft Office နဲ့ တွဲပါတတ်ပြီး သီးခြားစီလိုချင်ရင်တော့ ဒေါ်လာ ၉၀) ဟာ ကြီးမားပြီး startup မှာ အချိန်ကြာနိုင်ပါတယ်။ Office suite မှာပါပြီး၊ ဒါမှမဟုတ် သီးခြားစီလည်း ဝယ်လို့ရပါတယ်။ ဒါပေမဲ့ လူတွေအားလုံး အရင်းနှီးဆုံးဖြစ်နေတဲ့ word processor ဖြစ်ပါတယ်။ ဒါကြောင့် အသုံးပြုတဲ့အခါမှာ ဘယ်တော့မှ ဆုံးရှုံးမှုတွေ ရှိမှာမဟုတ်ပါဘူး။ *find.pcworld.com/72513*

**အောင်မြင်လာနိုင်တာ : Pomarancha Write Monkey**

ရေးထားတဲ့စာတွေကို .txt file တွေနဲ့ သိမ်းလို့ရပေမယ့် ဒီ word processor က ရှုပ်ထွေးတာကို ဖယ်ပေးပါတယ်။ ဒါကြောင့် ကိုယ်ချရေးလိုက်တဲ့အပေါ်မှာပဲ အာရုံစိုက်ထားနိုင်ပါတယ်။ 'Zenware' software movement ရဲ့ အပိုင်းတစ်ပိုင်းဖြစ်တဲ့ Write Moneky ဟာ screen တစ်ခုလုံး နေရာယူထားပါတယ်။ Toolbar တွေ၊ စာလုံးပေါင်းစစ်ဆေးတဲ့လိုင်းတွေ မပါဝင်ပါဘူး။ Program က compact ဖြစ်ပါတယ်။ Write Monkey website (ဒါမှမဟုတ် *PCWorld.com* ရဲ့ download library) ကနေ zip file ကို download လုပ်လိုက်ပါ။ Unzip လုပ်ပြီး app ကို run ပါ။ နေရာနည်းနည်းပဲယူတဲ့အတွက်ကြောင့် USB drive နဲ့ software ကို သယ်သွားနိုင်ပြီး တခြား မတူညီတဲ့ computer တွေမှာလည်း သုံးနိုင်ပါတယ်။ Toolbar မရှိပေမယ့်လည်း preference တွေ ပြောင်းနိုင်ပါတယ်။ စာလုံးပေါင်းတွေ စစ်နိုင်ပြီး စာသားမှာ word တွေကို ရှာကြည့်နိုင်ပါတယ်။ *Reference.com* နဲ့ *urbandictionary.com* လိုမျိုး reference website ရဲ့

လုပ်ငန်းသုံးမဟုတ်တာတွေအတွက် အခမဲ့ရနိုင်တဲ့ eM Client က Outlook နဲ့ ဆင်တူတဲ့ interface ရှိပြီး တူညီတဲ့ tool set လည်း ရှိပါတယ်



အကူအညီနဲ့ ဖြစ်ပါတယ်။ Export လုပ်တဲ့အခါ၊ ဒါမှမဟုတ် print လုပ် ချိန်မှာ တကယ်ဖြစ်လာမယ့် font style ( bold ၊ italic နဲ့ underline) စတာတွေ ပြင်ဆင်နိုင်ပါတယ်။

**Web app : Zoho Writer**

Google docs က အမြဲကောင်းနေတာ မျိုးတော့ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ office မှာသုံးဖို့ဖြစ်လာတယ်ဆိုရင် ကိုယ့်ရဲ့ personal document တွေက shared document spam ထဲမှာ နစ်မြုပ်သွားနိုင်ပါတယ်။ (email တွေ၊ calendar နဲ့ document တွေကို ကုမ္ပဏီရဲ့ server တစ်ခုတည်းမှာ သိမ်းရတာက ကြက်ဥလေးတွေအားလုံးကို ခြင်းတောင်းတစ်ခုတည်းကို ထည့်လိုက်သလိုပါပဲ) Zoho Writer က version အဟောင်းဖြစ်တဲ့ Microsoft Word ကို အနီးဆုံးပြန်လည်စုစည်းထားတဲ့ 'What you see is what you get' text editor ဖြစ်ပါတယ်။ Online မှာ document တွေကို သိမ်းနိုင်၊ share လုပ်နိုင်ပါတယ်။ အပေါ်ဘက်မှာရှိတဲ့ tab တွေကို သုံးပြီး ပွင့်နေတဲ့ document တွေကြားထဲမှာ toggle လုပ်နိုင်ပါတယ်။ Zoho Writer က ၂၀၀၅ ခုနှစ်ကတည်းကရှိနေပေမယ့် beta အဖြစ်ပဲ ကျန်ရှိ နေပါသေးတယ်။ ဒါကြောင့် မကြာခင်မှာလည်း update ကို မြင်ရဖို့မရှိ သေးပါဘူး။ Zoho Write က Google Docs ရဲ့ နောက်ထပ် အပြောင်းအလဲ cloud-based ဖြစ်ပါတယ်။ စရိတ်များပြီး sizer လေးတဲ့ word- processing software ဖြစ်ပါတယ်။ *find.pcworld.com/59362*

# Music Organizing

**လက်ရှိ : iTunes**

ဒီဟဲဗီးဝိတ် music organizer ကတော့ အခမဲ့ရပြီး စွမ်းဆောင်ရည်လည်း ကောင်းပါတယ်။ iOS နဲ့ Windows Phone 7 ထဲကို tune တွေ sync လုပ်နိုင်ပါတယ်။ ဒါပေမဲ့ interface ကတော့ သုံးနေကျ Apple user မဟုတ်ရင် ရှုပ်ထွေးသွားနိုင်ပါတယ်။ Android device တွေကို sync လုပ်ဖို့လွယ်ကူတဲ့နည်း မရှိပါဘူး။ *find.pcworld.com/56743*

**အောင်မြင်လာနိုင်တာ : Songbird**

iOS device ကိုမသုံးဘူးရင် Songbird ကိုရွေးဖို့ စဉ်းစားကြည့်ပါ။ ဒီဆွဲဆောင်မှုရှိတဲ့ organizer ရဲ့ navigation က iTunes ကိုတော့ တော်တော်လေးတုပထားပါတယ်။ Operating system မရွေးဘဲ Android နဲ့

## Desktop Software တွေ ဘာကြောင့် မရှိမဖြစ်အရေးပါနေသေးလဲ

Online app တွေဟာ ဒီကနေ့ခေတ်မှာအတော်လေး အသုံးဝင် အဓိပ္ပာယ် ရှိလာပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံတော့ desktop software တွေက မရှိမဖြစ် အရေးပါနေပါသေးတယ်။ ဒီ app တွေရဲ့ ကောင်းတဲ့အချက် ၅ ချက်ကိုလည်း ဆက်လက်လေ့လာကြည့်ပါ။

### 1 Security

အခြေကျနေတဲ့ ကုမ္ပဏီတစ်ခုက ယင်းရဲ့ provacy standard ကို ပြောင်းချင်တာမျိုး ရှိနိုင်ပါတယ်။ အရေးပါတဲ့ document တွေ၊ မိသားစု ဓာတ်ပုံတွေနဲ့ business presentation တွေအတွက် content တွေရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေက အပြင်ကုမ္ပဏီတွေပေါ်မှာ မှီခိုမှုမရှိတာသေချာဖို့ desktop software ကို သုံးနိုင်ပါတယ်။

### 2 Guaranteed Connection

ကိုယ့်ရဲ့ internet Connection က ကျသွားတယ်ဆိုရင်၊ ဒါမှမဟုတ် လမ်းမှာ wireless signal ဖမ်းမရနိုင်ဘူးဆိုရင် on-board software တော့ လိုပါမယ်။ အဆင်ပြေအောင် tool တွေ တော်တော်များများမှာ sync button ပါရှိပါတယ်။ ဒါကြောင့် online database ကို ပြန်ပြီး connect လုပ်တဲ့အချိန်မှာ offline database နဲ့ ပြန်ချိန်ညှိယူနိုင်ပါတယ်။

### 3 Speed

Web service တွေဟာ တစ်ခါတလေ သိသိသာသာလေးကို နှေးကွေးပါတယ်။ Offline program တွေ အဲဒီလို ခံစားရပေမယ့် အမြန်နှုန်း မြင့်အောင် လုပ်နိုင်ပါတယ်။ Online ကတော့ ဘာမှ သိပ်မလုပ်နိုင်ပါဘူး။

### 4 Built-in Utilities

Web service တွေက ကိုယ့်ရဲ့ system တွေကို စွမ်းဆောင်ရည်မြင့်တက်အောင် မလုပ်ပေးနိုင်ပါဘူး။ Local file management နဲ့ cleanup utilitie တွေပါရင်တော့ လုပ်ပေးနိုင်ပါလိမ့်မယ်။

### 5 Raw Power

Web-based photo editor တွေက တိုးတက်လာပေမယ့် browser ကနေ video တွေ၊ edit လုပ်ဖို့ဆိုတာကတော့ မရနိုင်သေးပါဘူး။ ပိုကောင်းတဲ့နည်းကတော့ ကိုယ်ပိုင် PC ရဲ့ resource တွေကို သုံးဖို့ပဲဖြစ်ပါတယ်။ ■

တခြား device တွေနဲ့ sync လုပ်နိုင်တဲ့ အခမဲ့ program တစ်ခု ဖြစ်ပါတယ်။ Songbird က အချက်အလက်တွေကို ပြင်ဆင်နိုင်ပြီး social media communication ၊ သီချင်းတွေအတွက် lyrics နဲ့ guitar tab တွေလို developer တွေကရေးထားတဲ့ အမျိုးမျိုးသော add-on တွေကိုလည်း သုံးခွင့်ပေးထားပါတယ်။ Last.fm နဲ့ 7 digital music store ကိုလည်း access လုပ်နိုင်ပါတယ်။ *find.pcworld.com/719986*

**Web app : Google Music**

Google music ပေါ်ကို သီချင်းအပုဒ်ရေပေါင်း ၂၀,၀၀၀ ကူးပြောင်းနိုင်ပါတယ်။ အဲဒီကနေ ကမ္ဘာပေါ်မှာရှိတဲ့ internet connection ရတဲ့ ဘယ်နေရာမဆို access လုပ်နိုင်၊ stream လုပ်နိုင်ပါတယ်။ Online interface ကနေ track တွေကို title ၊ artist ၊ album နဲ့ genre အလိုက် အမျိုး အစားတွေခွဲနိုင်ပြီး ကိုယ်ပိုင် playlist တွေကို ဖန်တီးနိုင်ပါတယ်။ Google music ဟာ upload တင်လိုက်တဲ့ tune တွေနဲ့ Android ဈေးကွက်ကနေ ဝယ်ထားတဲ့ tune တွေကြားထဲက music တွေကိုတောင် ခွဲခြားထားပါတယ်။ *find.pcworld.com/72222*

# Remote Access

**လက်ရှိ : Citrix Go ToMyPC**

ဒီ program ကို install လုပ်ပြီး နောက်ကွယ်မှာပဲ ရှိနေစေလိုက်ပါ။ ကုမ္ပဏီရဲ့ online portal ကတစ်ဆင့် နောက်ထပ် system တစ်ခုကနေ log on လုပ်တာကို စောင့်နေပါတယ်။ Go ToMyPC က ကောင်းကောင်း အလုပ်လုပ်နိုင်ပြီး တစ်လမှာ ဒေါ်လာ ၁၀၊ တစ်နှစ်မှာ ၉၉ ဒေါ်လာထက် နိမ့်တဲ့ဈေးနှုန်းနဲ့ subscription လုပ်လို့ရပါတယ်။ *find.pcworld.com/59573*

**အောင်မြင်လာနိုင်တာ : TeamViewer**

အရမ်းမြန်ပြီး စီးပွားရေးသုံးအတွက်မဟုတ်ရင်တော့ အခမဲ့ရတဲ့ TeamViewer ဟာ desktop မှာ connection ရတဲ့အခါတိုင်းအတွက် နောက်ကွယ်မှာရှိနေဖို့ configure လုပ်နိုင်ပါတယ်။ လိုအပ်ရင် ရိုးရိုးရှင်းရှင်းလေး run နိုင်ပါတယ်။ ဒီ program က security အတွက် ရိုးရှင်းတဲ့ connection ID နဲ့ password ကို သုံးပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေကို ကိုယ့်ရဲ့ screen ကို ကြည့်ခွင့်ပေးမယ်၊ သုံးခွင့်ပေးမယ်ဆိုရင်တော့ ဒီအရေးကြီးတဲ့အချက်တွေ ပေးနိုင်ပါတယ်။

TeamViewer မှာ file တွေ ကို host machine ပေါ်ကိုရွှေ့တာ host machine ကနေ ရွှေ့ပြောင်းတာ တွေအတွက် feature ပါဝင်ပါတယ်။ Multiple connection နဲ့ user တွေကို support လုပ်ပါတယ်။ အလုပ်ပမာဏများတဲ့ professional သုံးတွေအတွက် lifetime licence က ဒေါ်လာ ၇၅၀ ကနေ စတင်ပါတယ်။ Service ရဲ့ အရည်အသွေးကို ကြည့်ရင်တော့ သင့်တင့်တဲ့ဈေးနှုန်း ဖြစ်ပါတယ်။ *find.pcworld.com/72522*

**Web app : Join.me**

Browser အတွင်းမှာ သုံးဖို့ဆိုရင် Join.me က TeamViewer ထက် ပိုရိုးရှင်းတဲ့ ရွေးချယ်စရာတစ်ခု ဖြစ်ပါတယ်။ သူ့မှာ downloading software မပါဝင်တာကြောင့်လည်း ဖြစ်ပါတယ်။ Join.me ဆိုတဲ့ URL ကို ရိုးရှင်းစွာပဲ browse လုပ်ပါ။ Share ကို click လုပ်ပါ။ ကိုယ့် screen ကို share ချင်တဲ့သူဆီကို generate လုပ်ထားတဲ့ code ကို ပို့ပေးပါ။

Join ကို click လုပ်ပြီးနောက် Join.me ကို ဝင်လာနိုင်မှာ ဖြစ်ပါတယ်။ Web presentation တွေမှာ ပါဝင်နိုင်ဖို့လည်း multiple user တွေကို ဖိတ်ခေါ်နိုင်ပါတယ်။ Join.me က LogMeIn ရဲ့ အဖွဲ့ဝင် service တစ်ခုဖြစ်ပါတယ်။ *find.pcworld.com/72523*

# Cleanup/Optimization

**လက်ရှိ : Piriform CCleaner**

PC ကို ပိုကောင်းအောင် optimize လုပ်ဖို့ longtime standard တစ်ခုဖြစ်တဲ့ သုံးရတာ ပေါ့ပါးတဲ့ CCleaner ဟာ မလိုအပ်တဲ့ program တွေ ဖယ်ရှားပေးပါတယ်။ Browser ကနေ cookie တွေကို ရှင်းလင်းပေးပါတယ်။ System ရဲ့ registry ကို ရှင်းလင်းသပ်ရပ်အောင် လုပ်ပေးတဲ့အပြင် တူညီတဲ့ အလုပ်တွေကို ဆောင်ရွက်ပေးပါတယ်။ ဒီ utility က အခမဲ့ရပြီး time-tested လည်း ဖြစ်ပါတယ်။ *find.pcworld. com/72524*




Google music ကဘယ် net connection ပေါ်က တေးဂီတတွေကိုမဆို stream လုပ် ပေးနိုင်မှာ ဖြစ်ပါတယ်။ Google music က အခမဲ့လည်း ဖြစ်ပါတယ်




SlimCleaner က ကိုယ့် စက်ထဲမှာ ရှိတဲ့ program တွေ၊ app တွေနဲ့ file တွေရဲ့ အသုံးဝင်မှုကို rate လုပ်ပေးမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဘယ် program ကိုတော့ ဆက်ပြီးထားသင့်တယ်၊ ဘာကိုတော့ ဖြုတ်ပစ်သင့်တယ်ဆိုတာ ဆုံးဖြတ်နိုင်မှာပါ

### အောင်မြင်လာနိုင်တာ : SlimWare SlimCleaner

Slimware utility က ပြီးခဲ့တဲ့ ဆောင်းရာသီတုန်းက SlimCleaner version 2.0 ကို ထုတ်ခဲ့ပါတယ်။ App ဟာ အရင်က ပုံစံထက် ပိုပြီးကြည့်ရကောင်းလာပါတယ်။ Computer မှာရှိတဲ့ color-coded နဲ့ graphic description တွေကို ဖော်ပြပြီး CPU နဲ့ RAM ဘယ်လောက်အသုံးပြုနေသလဲဆိုတာကိုလည်း ပြောပေးပါတယ်။ ဘယ်ဘက်မှာရှိတဲ့ tab တွေက မတူညီတဲ့ SlimCleaner function တွေဖြစ်တဲ့ desktop cleaner ၊ optimization tool ၊ uninstaller အစရှိသဖြင့် သူတို့တွေကြားမှာ toogle လုပ်ပေးပါတယ်။

SlimCleaner က ကိုယ့် computer ထဲမှာရှိတဲ့ program တွေ၊ app တွေနဲ့ file အများစုကို rating သတ်မှတ်ပေးပါသေးတယ်။ (Unnecessary အဆင့်ကနေ good အဆင့်အထိ) တခြား user တွေတင်ထားတဲ့ review တွေအပြင် SlimCleaner ရဲ့ ကိုယ်ပိုင် antivirus scanner ကနေ rating တွေ ယူပါတယ်။ ဒီစမ်းသပ်မှုမှာ rating တွေက အတော်အသင့် တိကျမှုရှိပါတယ်။

ဘယ် file တွေ သိမ်းထားဖို့လိုပြီး ဘယ် file တွေ ဖျက်ပစ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေလည်း သတ်မှတ်ပေးပါတယ်။ အပြီးတိုင် ဖျက်ပစ်ချင်တယ်ဆိုရင် SlimCleaner က CCleaner မှာလိုပဲ overwriting (shredding) အဆင့်ကို တူညီတဲ့အဆင့်ပေးထားပါတယ်။ *find.pcworld.com/72525*

# Backup

### လက်ရှိ : Acronis True Image

PC backup program တွေကြားထဲမှာ ဒေါ်လာ ၄၀ တန် program က ပြိုင်ဘက်တွေ အများကြီးရှိပေမယ့် drive imaging ၊ file and folder backup နဲ့ professional package မှာ disaster recovery တွေကို ပေါင်းထားပါတယ်။ *find.pcworld.com/72526*

### အောင်မြင်လာနိုင်တာ : Easeus Todo Backup Free

အမှန်အတိုင်းပြောရရင်တော့ စွမ်းဆောင်ရည်ရှိတဲ့ backup program ကို ရဖို့ငွေကြေးပေးစရာ မလိုပါဘူး။ Easeus Todo Backup Free က drive imaging ၊ file and folder backup ၊ virtual drive တွေအဖြစ်နဲ့ backup image တွေ mount လုပ်တာ၊ scheduling စသဖြင့် ငွေကြေးပေးရတဲ့ software တွေမှာရနိုင်တာရဲ့ ၉၀ ရာခိုင်နှုန်းပေးထားတဲ့ backup suite ဖြစ်ပါတယ်။ Todo Backup ရဲ့ interface အပိုင်းက သုံးရနည်းနည်းခက်နိုင်ပေမယ့် အနည်းဆုံး technical user အဆင့်ရှိတဲ့သူတောင် ရှုပ်ထွေးမှုတွေမရှိပဲ backup လုပ်နိုင်ပါတယ်။ Windows PE-based recovery boot disc အပါအဝင် full disaster-recovery features တွေပါဝင်ပါတယ်။ ငွေကြေးပေးရတဲ့ ပြိုင်ဘက်တွေနဲ့ မတူတာက ဒီ program မှာ windows dynamic disks နဲ့ RAID ကိုလည်း support လုပ်ပါတယ်။ *find.pcworld.com/72527*

### Web app : CrashPlan

ခမ်းနားတဲ့ interface နဲ့ ဒီ program က local ပိုင်းမှာရော၊ online မှာပါ backup လုပ်ပါတယ်။ ယှဉ်ပြိုင်နိုင်လောက်တဲ့ ဈေးနှုန်းဖြစ်ပြီး unlimited backup အတွက် တစ်နှစ်မှာ ဒေါ်လာ ၅၀ ရှိပါတယ်။ကိုယ့် account ထဲကို သူငယ်ချင်းတွေက backup လုပ်ခွင့်တောင်ပေးထားပါတယ်။ Windows ၊ Mac ၊ Linux နဲ့ iOS ၊ Android Mobile device တွေအတွက် client တွေ ပေါင်းစည်းထားပြီး ကောင်းမွန်တဲ့ service တစ်ခုရှိမှာ ဖြစ်ပါတယ်။ သူ့ရဲ့ ပုံစံကိုလည်း သဘောကျကြမှာပါ။ *(find.pcworld.com/63690)*

စောကလျာအေး (U.C.S.Y)